အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်− “လူသားသည်ငါအရှင်မြတ်အား ဒုက္ခပေးသည်။ သူသည် ခေတ်ကာလကို

ဆဲဆိုမကောင်းပြော၏။ စင်စစ် ငါအရှင်မြတ်သည်ကား

ခေတ်ကာလပင် ဖြစ်တော်မူ၏။ အရေးကိစ္စဟူသ‌ရွေ့သည်

ငါအရှင်မြတ်၏လက်တော်၌ ရှိ၏။ နေ့နှင့်ညကိုလည်း

ငါအရှင်မြတ်ကပင် လှည့် ပတ်‌စေတော်မူ၏။”

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်− “လူသားသည် ငါအရှင်မြတ်အား ဒုက္ခပေးသည်။
သူသည် ခေတ်ကာလကို ဆဲဆိုမကောင်းပြော၏။ စင်စစ် ငါအရှင်မြတ်သည်ကား ခေတ်ကာလပင်
ဖြစ်တော်မူ၏။ အရေးကိစ္စဟူသ‌ရွေ့သည် ငါအရှင်မြတ်၏လက်တော်၌ ရှိ၏။ နေ့နှင့်ညကိုလည်း
ငါအရှင်မြတ်ကပင် လှည့် ပတ်‌စေတော်မူ၏။” [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်မှာ - အလ္လာဟ်အရှင်မြတ်သည် ဟဒီးစ်ကွဒ်စီတွင် မိန့်ကြားတော်မူသည်− “"လူသားသည်ဘေးအန္တရာယ်များနှင့် မနှစ်မြို့ဖွယ်ရာများ ကျရောက်ချိန်တွင် အချိန်ကာလကိုမကောင်းပြောဆိုကာ ကဲ့ရဲ့ရှုံ့ချခြင်းဖြင့် ငါအရှင်မြတ်အား ဒုက္ခပေးပြီးငါအရှင်၏ဂုဏ်တော်ကို နှိမ့်ချသည်။ အဘယ်ကြောင့်ဆို‌သော် ထိုအရှင်မြတ်တစ်ပါးတည်းကသာအရာခပ်သိမ်းကို စီမံခန့်ခွဲတော်မူသောအရှင်၊ ဖြစ်ပေါ်လာသော အဖြစ်အပျက်များကိုစီရင်ဖန်တီးတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ကြောင့် အချိန်ကာလကိုမ‌ကောင်းပြောဆိုခြင်းသည် အလ္လာဟ်အရှင်မြတ်ကို မ‌ကောင်းပြောဆိုခြင်းပင်ဖြစ်၏။အချိန်ကာလသည် ထိန်းချုပ်ခြင်းခံထားရသောဖန်ဆင်းခံတစ်ခုမျှသာဖြစ်၍ထိုအချိန်ကာလအတွင်း၌ ဖြစ်ပေါ်လာသော အဖြစ်အပျက်များသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့်သာဖြစ်ပေါ်လာခြင်းဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/66284